စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ၊ ၁၈- ၂- ၂၀၂၀

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရုံးအမှတ် ၃၄ ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနပိုင် ရုံးခန်းများ၏ ကြမ်းခင်းများအား ကြွေပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များထံမှ ဈေးနှုန်းအဆိုပြုရန် တင်ဒါခေါ်ယူခြင်းအား ထပ်မံအသိပေးကြေညာအပ်ပါသည်။

(က) လုပ်ငန်းပမာဏ

(၁) ၇၀၃၈ စတုရန်းပေအား ၂ ပေပတ်လည်ကြွေပြားခင်းခြင်း

(ခ) တင်ဒါစတင်ရောင်းချမည့်နေ့ရက်- ၁၉-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နံနက် (၉:၃၀) နာရီ

(ဂ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်နေ့ရက်- ၂၆-၂-၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နေ့လည် (၁၂:၀၀) နာရီ

(ဃ) တင်ဒါဖွင့်မည့်နေ့ရက်- ၂၈-၂-၂၀၂၀ (သောကြာနေ့)

၂။ တင်ဒါပုံစံ အသေးစိတ်အချက်အလက်များ၊ တင်ဒါစည်းကမ်းချက်များကိုဝယ်ယူခြင်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေပမာဏ သိလိုသည့်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်းလာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၄၊ နေပြည်တော်(လွှတ်တော်အနီး)
ဖုန်း၊ ၀၆၇-၃၄၁၀၂၄၂၊ ၀၆၇-၃၄၁၀၁၇၄၊ ၀၉-၄၄၈၀၃၉၅၇၁

ပြည်ထောင်စုသမ္မတနိုင်ငံတော်

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ

ရက်စွဲ၊

သို့

ဥက္ကဋ္ဌ

တင်ဒါကော်မတီ

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၄)ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ဌာနပိုင်ရုံးခန်းများအတွင်း ဧရိယာစတုရန်းပေ ၇၀၃၈ အား ၂ပေပတ်လည်ကြွေပြားခင်းခြင်းလုပ်ငန်းအတွက် တင်ဒါစည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းအပ်ပါသည်-

(၁) တင်ဒါအဆိုပြုလွှာ တင်သွင်းသူအမည် - ____________________

(၂) နိုင်ငံသားစိစစ်ရေးကဒ်အမှတ် - ____________________

(၃) တင်ဒါအဆိုပြုလွှာတင်သွင်းသူရာထူး - ____________________

(၄) ကိုယ်စားပြုကုမ္ပဏီအမည် - ____________________

(၅) ကုမ္ပဏီမှတ်ပုံတင်အမှတ် - ____________________

(၆) ကုမ္ပဏီ၏ လိပ်စာ - ____________________

____________________

____________________

____________________

(၇) ကုမ္ပဏီတယ်လီဖုန်း နံပါတ် - ____________________

(၈) တင်ဒါအဆိုပြုသူ၏ အမြဲတမ်းနေရပ်လိပ်စာ - ____________________

____________________

____________________

____________________

(၉) တင်ဒါအာမခံကြေးပေးသွင်းသည့် P.O အမှတ်စဉ် - ____________________

(၁၀) အဆိုပြုလုပ်ငန်းတန်ဖိုး

က။ ပစ္စည်းတန်ဖိုး - ____________________

ခ။ လုပ်အားခ/မမျှော်မှန်းနိုင်သော - ____________________
ကုန်ကျစရိတ် ____________________

ဂ။ အဆိုပြုတန်ဖိုး (ဂဏန်းဖြင့်) - ____________________

ဃ။ အဆိုပြုတန်ဖိုး (စာဖြင့်) - ____________________

(၁၁) လုပ်ငန်းဆောင်ရွက်မည့် - ____________________
အချိန်ကာလ၊ အပိုင်းအခြား ____________________

(လက်မှတ်)

တင်ဒါအဆိုပြုသူအမည် -

ရာထူး -

နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**နေပြည်တော်**

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရုံးအမှတ် (၃၄) ၏ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနပိုင် ရုံးခန်းများအတွင်း နှစ်ပေပတ်လည်ကျောက်ပြား ခင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များ**

၁။ အိတ်ဖွင့်တင်ဒါတင်သွင်းငွေကို (ကျပ်သန်း) ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။

၂။ အကယ်၍ စာအိတ်များကို မပိတ်ခဲ့ခြင်း သို့မဟုတ် ဖော်ပြပါစည်းကမ်းချက်များကို လိုက်နာမှု မရှိခြင်းတို့ကြောင့် စာများ ပျောက်ဆုံးခြင်း၊ စာအိတ်များပွင့်နေခြင်းများဖြစ်နေလျှင်သော်လည်းကောင်း၊ သီးခြားစာအိတ်တွင် ထည့်သွင်းခြင်း မပြုဘဲ တင်ပြလာသော အဆိုပြုလွှာများကို သော်လည်းကောင်း တင်ပြချက်များ မထင်ရှား၍ သော်လည်းကောင်း၊ တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီမှ တာဝန်ယူ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်ပြရန် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့ နေ့လည် ၁၂ :၀၀ နာရီထက် နောက်ကျရောက်ရှိလာသော အိတ်ဖွင့်တင်ဒါများကို ဌာနမှ လုံးဝ စဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါ တင်သွင်းသူအနေဖြင့် သတ်မှတ်ထားသည့် လုပ်ငန်းအမျိုးအစား အသုံးပြုမည့် ပစ္စည်း အမျိုးအစား၊ အရည်အသွေးပုံစံ အတိုင်းအတာ ပမာဏ အသေးစိတ်အချက်အလက်များနှင့် ကိုက်ညီသည့်ဈေးနှုန်းသင့်ငွေနှင့် စုစုပေါင်း တန်ဖိုးတို့ကို မှားယွင်းမှုမရှိစေဘဲ ပုံစံတွင်ဖြည့်စွက်သည့် စာလုံးများကို ထင်ရှားပြတ်သားစွာ ဖော်ပြရမည်။

၅။ တင်ဒါဖွင့်ပွဲသို့ လာရောက်ရန်အတွက် ကိုယ်စားလှယ် စေလွှတ်ရာတွင် ကုမ္ပဏီများအနေဖြင့် အဆိုပြုတင်သွင်းထားသော လုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို ဖြေကြားနိုင်သူ၊ အဆုံးအဖြတ်ပေးနိုင်သူ (ကိုယ်စားလှယ်/ ဝန်ထမ်း) များကိုသာ ကုမ္ပဏီမှ တရားဝင်ကိုယ်စားလှယ် လွှဲစာဖြင့် တာဝန်ပေးစေလွှတ်ရန်နှင့် လိုအပ်သည့်ကိစ္စများတွင် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များကိုပါ ထည့်သွင်းစေလွှတ်ရန် ဖြစ်သည်။

၆။ **အိတ်ဖွင့်တင်ဒါ အာမခံငွေတင်သွင်းခြင်း**

(က) ရုံးခန်းများအတွင်း ကျောက်ပြားခင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းသူသည် အိတ်ဖွင့်တင်ဒါ အာမခံစပေါ်ငွေကျပ် ၁၅၀,၀၀၀/- (ကျပ်တစ်သိန်း ငါးသောင်းတိတိ) ကို မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တွင် Payment Order Cheque ဖြင့် ပေးသွင်းရမည်ဖြစ်ပြီး မူရင်းအား ပာင်ဒါရွေးချယ်ရေးအဖွဲ့ထံ ပေးအပ်ပြီးမှ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာကို တင်သွင်းရမည်။

(ခ) အိတ်ဖွင့်တင်ဒါ မအောင်မြင်သူများ၏ အိတ်ဖွင့်တင်ဒါ အာမခံစပေါ်ငွေအား (၇) ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

(ဂ) အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏ Performance Guarantee (၅%) အား မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ပေးသွင်းရမည်။ လုပ်ငန်းအာမခံကြေးပေးသွင်းပြီးပါက လုပ်ငန်းစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးရမည်ဖြစ်ပြီး တင်ဒါအောင်မြင်သူ ပေးသွင်းထားသည့် အိတ်ဖွင့်တင်ဒါ အာမခံစပေါ်ငွေ ပြန်လည်ထုတ်ပေးပါမည်။

(ဃ) အိတ်ဖွင့်တင်ဒါအောင်မြင်သူများ၏ Performance Guarantee (၅%) ကို တည်ဆောက်ရေးလုပ်ငန်းများ Certificate ရရှိပြီး စာရင်းစစ်ချုပ်ရုံးမှ စေလွှတ်သည့် စာရင်းစစ်ဆေးရေးအဖွဲ့၏ အတည်ပြုချက်အရ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ **ဈေးနှုန်းအဆိုပြုလွှာတင်ပြခြင်း**

(က) အဆိုပြုတင်ပြသည့် အိတ်ဖွင့်တင်ဒါတွက်ချက်မှုကို အိတ်ဖွင့်တင်ဒါ တင်သွင်းသူမှ အားလုံးတာဝန်ယူရမည်။ မှားယွင်းတွက်ချက်မှုများ၊ မှားယွင်းဖြည့်စွက်မှုများရှိပါက တွက်ချက်တင်သွင်းသူ၌သာ တာဝန်ရှိပါသည်။

(ခ) လုပ်ငန်းတန်ဖိုးတွက်ချက်ရာတွင် နိုင်ငံတော်သို့ ပေးသွင်းရမည့် (Withholding Tax 2%) သီးခြားတွက်ချက်တင်ပြခြင်းမပြုရ။

(ဂ) လုပ်ငန်းလက်ခံသူမှ လုပ်ငန်းတန်ဖိုး၏ ၅% ကုန်သွယ်လုပ်ငန်းခွန်အား ပေးဆောင်ရမည်ဖြစ်၍ လုပ်ငန်းတန်ဖိုးတွင် သီးခြားတွက်ချက် တင်ပြနိုင်သည်။

(ဃ) နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားသည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရမည်။

၈။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် လုပ်ငန်းဆောင်ရွက်ချက်ပြအချိန်ဇယား (Work Schedule) ပူးတွဲတင်ပြရမည်။

၉။ ကျောက်ပြားခင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါ (၁) စောင်လျှင် ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ) ဖြင့် ရောင်းချပါမည်။

၁၀။ သတ်မှတ်ချက်နှင့်မညီညွတ်သည့် အိတ်ဖွင့်တင်ဒါများသည် ရွေးချယ်ရန်မသင့်သည့် အိတ်ဖွင့်တင်ဒါရှင်များအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။ တင်ဒါခေါ်ယူရေးကော်မတီသည် အကြောင်းညီညွတ်မှုမရှိပါက အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမရှိဘဲ တင်ဒါကို ပယ်ဖျက်ခွင့်ရှိသည်။

၁၁။ တင်ဒါအောင်မြင်သူသည် အခြားသူသို့ တင်ဒါအခွင့်အရေးကို ထပ်ဆင့်လွှဲပြောင်း ရောင်းချခြင်း Sub Contract ပေးခြင်းမပြုရ။ တင်ဒါကို အကြောင်းပြု၍ ရှယ်ယာခေါ်ယူခြင်းမပြုရပါ။ တင်ဒါအောင်မြင်သူနှင့် အခြားဆက်သွယ်လုပ်ကိုင်ရာမှ ပေါ်ပေါက်လာမည့် ပြဿနာများသည် ဤတင်ဒါကော်မတီနှင့် သက်ဆိုင်မှုမရှိစေရပါ။ နောက်ဆုံးရက်မတိုင်မီ လုပ်ငန်းဆောင်ရွက်မှုအာမခံ Performance Guarantee တင်သွင်းရန် ပျက်ကွက်ခြင်းများ ဖြစ်ပေါ်သည့်အခါတွင် တင်ဒါအာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူခြင်းကို သဘောတူလက်ခံရမည်။ ထို့အပြင် ဤအဖွဲ့အစည်းမှ ပြုလုပ်သော မည်သည့်တင်ဒါကို မဆို ဝင်ရောက်ယှဉ်ပြိုင်ခွင့်အား တားမြစ်ပိတ်ပင်ခြင်းကို ဆောင်ရွက်နိုင်သည်။

၁၂။ တင်ဒါအောင်မြင်သူသည် ဆောင်ရွက်ရမည့်လုပ်ငန်းတွင် အသုံးပြုမည့် ပစ္စည်းအမျိုးအစား နှင့် စံနှုန်းသတ်မှတ်ချက်အတွက် တာဝန်ခံရမည်။

၁၃။ နှစ်ဦးနှစ်ဘက် သဘောတူစာချုပ်ပါ အင်ဂျင်နီယာစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ရက် အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်ရန် သတ်မှတ်ကာလအတွင်း မပြီးစီးပါက သတ်မှတ်ထားသည့် နောက်ကျ ဒဏ်ကြေးများကို နောက်ကျရက်နှင့် တွက်ချက်၍ ကျသင့်ငွေကို ဌာနသို့ ပေးသွင်းရမည်။

၁၄။ လုပ်ငန်းများအတွက် ငွေပေးချေသည့်အခါတိုင်း နိုင်ငံတော်သို့ ပေးသွင်းမည့် (Withholding Tax 2%) ကို ဖြတ်တောက်ခြင်းအား သဘောတူလက်ခံရမည်အပြင် တင်ဒါရွေးချယ်ခြင်းခံရသူမှ လုပ်ငန်းများ ပြီးစီးမှုအရ ငွေတောင်းခံခြင်းကို (၁၅) ရက်ထက် နောက်မကျဘဲ တောင်းခံခြင်းကို သဘောတူလက်ခံရပါမည်။

၁၅။ လုပ်ငန်းအဆင့်အလိုက်ပြီးစီး၍ ငွေတောင်းခံသည့်အခါ တာဝန်ပေးအပ်သည့် လုပ်ငန်း အရည်အသွေး စစ်ဆေးရေး (Quality Contract) လုပ်ငန်းပြီးစီးမှု စစ်ဆေးရေး (Work Done) အဖွဲ့၏ စစ်ဆေးမှုကို ခံယူပြီးမှ အဆိုပါအဖွဲ့၏ ထောက်ခံချက်ဖြင့် ငွေပေးချေမည်ကို သဘောတူ လက်ခံရပါမည်။

၁၆။ တာဝန်ယူဆောင်ရွက်သည့် အဖွဲ့အစည်း/ ကုမ္ပဏီ၏ ကြီးကြပ်မှု အားနည်းချက်အရ လည်းကောင်း၊ စံချိန်စံညွှန်းမပြည့်ဝမှုကြောင့်လည်းကောင်း၊ ပျက်စီးမှုရှိပါက လုပ်ငန်းလက်ခံပြီး (၂) နှစ်အတွင်း ဖြစ်ပေါ်သည့် ပျက်စီးမှုများကို ကုမ္ပဏီစရိတ်ဖြင့် ချက်ချင်း တာဝန်ယူ ပြန်လည် ပြင်ဆင်ဆောင်ရွက်ပေးရမည်။

၁၇။ တင်သွင်းသည့် အိတ်ဖွင့်တင်ဒါမှာ သတ်မှတ်သည့် အချက်များပြည့်စုံမှုမရှိပါက ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၁၈။ **ကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ**

(က) ကြမ်းခင်းရာတွင် ဒဏ်ခံနိုင်သော Grade A (၂) ပေ ပတ်လည် ကျောက်ပြားကိုသာ အသုံးပြုရန်၊

(ခ) ကြွေပြားအပါးနှင့် ကျောက်ပြားအကြမ်းအသုံးမပြုရပါ။

(ဂ) အဆောက်အဦအတွင်းရှိ ကြမ်းခင်း သမံတလင်းများတွင် ကော်မြဲမြံမှုရှိစေရန်၊ ကြမ်းခင်း သမံတလင်းအား Spot ရိုက်ခြင်း၊ Line ခွဲခြင်း ပြုလုပ်ရန်၊

(ဃ) အသုံးပြုသည့် ကျောက်ပြား၏ ကျောဘက်မျက်နှာပြင်နှင့် သမံတလင်း နှစ်ဘက်စလုံး တွင် ကော်အသုံးပြုရန်၊

(င) အသုံးပြုမည့်ကော်သည် Weber အဆင့်မြင့်ကော် ဘိလပ်မြေကိုသာ အသုံးပြုရန်၊

(စ) ကော်ကပ်ရာတွင် လေခိုခြင်း၊ အထူအပါးမညီခြင်း၊ ကျောက်ပြားရေချိန်မကိုက်ခြင်း များ မဖြစ်ပေါ်စေရေးဂရုပြုဆောင်ရွက်ရန်နှင့် ဖြစ်ပေါ်ပါက ချက်ချင်းပြန်လည် ပြင်ဆင်ပေးရန်၊

(ဆ) သဘာဝဘေးအန္တရာယ်နှင့် သုံးစွဲသူ၏ အမှားကြောင့် မဟုတ်ပဲ လုပ်ငန်းဆောင်ရွက်သူ၏

အားနည်းခြင်းကြောင့်ကျောက်ပြားများကွာတက်ခြင်း၊ကော်ကွာခြင်းနှင့် ကွဲအက်ခြင်းများဖြစ်ပေါ်ပါက လုပ်ငန်းဆောင်ရွက်သူမှ အခမဲ့ ပြန်လည်ပြင်ဆင်ပေးရန်၊

၁၉။ ကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သက်ဆိုင်ရာမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရမည်။

၂၀။ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေးနှင့် လုပ်ငန်းခွင်ရှိ လုပ်သားများ ထိခိုက်နစ်နာမှုရှိပါက တာဝန်ယူဖြေရှင်းပေးရမည်။ ထို့အပြင် ကလေးလုပ်သားများ စေခိုင်းခြင်းမပြုရ။

၂၁။ အိတ်ဖွင့်တင်ဒါနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်–

- အိတ်ဖွင့်တင်ဒါလျှောက်လွှာ (Price Proposal)
- ကုမ္ပဏီမှတ်ပုံတင်မိတ္တူ
- လုပ်ငန်းတန်ဖိုးအချုပ်စာရင်း
- လုပ်ငန်းတစ်ခုချင်းအတွက် တန်ဖိုး (Detail of Measurement , Absract of Cost, Bill of Quantity , Builder's Estimate)
- လိုအပ်ပါက စံချိန်စံညွှန်းဆိုင်ရာစာအုပ်/ စာစောင်များနှင့်အတူ တင်ပြရမည်။
- လုပ်ငန်းဆောင်ရွက်ချက်ပြဇယား (Work Schedule)
- အာမခံစပေါ်ငွေတင်သွင်းသည့် (Payment Order Cheque)
- တင်ဒါမသွင်းခင် Site test ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်
- ဒေသန္တရဈေးနှုန်းအရ တွက်ချက်ထားသည်မှာ မှန်ကန်ကြောင်း ကတိဝန်ခံချက်
- အခြားလိုအပ်သည့် Company Profile နှင့် အထောက်အထားများ ပူးတွဲတင်ပြရန်(ယခင်အလားတူလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအား တင်ပြရန်)

၂၂။ အထက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါတင်သွင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များကို ဖတ်ရှုနားလည်းသဘောပေါက်၍ စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်နိုင်ပါကြောင်း သဘောတူလက်မှတ်ရေးထိုးပါသည်။

(လက်မှတ်)

တင်ဒါအဆိုပြုသူအမည် ၊ ________________

ရာထူး ၊ ________________

နိုင်ငံသားစိစစ်ရေး ၊ ________________

ကတ်ပြားအမှတ်

ကုမ္ပဏီ/လုပ်ငန်းလိပ်စာ ၊ ________________

________________

ဆက်သွယ်ရန်ဖုန်းနံပါတ် ၊ ________________